ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး

## အကျဉ်းချုပ်

ဤစာတမ်းတိုသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆောင်ရွက်နေမှုများအား ဖော်ပြထားပြီး မကြာမီ ဆွေးနွေးမည့် **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အားများစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

**လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြင်ဆင်ရန်အတွက် (၂၁-၈-၂၀၁၄) ရက်နေ့တွင် ဦးသိန်းညွန့် (သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး) မှ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသို့ ပေးပို့ခဲ့ပါသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၈ တွင် "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့်လူကုန်ကူးမှုများကိုတားမြစ်သည်" ဟုပြဋ္ဌာန်းထားပါသည်။

အမေရိကန်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်မှစတင်၍ ၎င်း၏ ပြည်တွင်းဥပဒေဖြစ်သည့် Trafficked Victims Protection Act (2000) ကိုလက်မှတ်ထိုးထားသည့်နိုင်ငံပေါင်း (၁၈၈) နိုင်ငံအတွက် လူကုန်ကူးမှု အစီရင်ခံစာကို နှစ်စဉ်ဇွန်လတွင် ထုတ်ပြန်လျက်ရှိကြောင်း၊ ယင်းအစီရင်ခံစာများအရ မြန်မာနိုင်ငံသည် ၂၀၀၁ခုနှစ်မှ ၂၀၁၁ခုနှစ်ထိ (၁၀) နှစ်ဆက်တိုက် စောင့်ကြည့်အဆင့် (၃) သတ်မှတ်ခံရပြီး ၂၀၁၂ခုနှစ်မှ ၂၀၁၄ခုနှစ်ထိ (၃) နှစ်ဆက်တိုက် စောင့်ကြည့်အဆင့်(၂)သို့ သတ်မှတ်ခံခဲ့ရကြောင်း သိရပါသည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

## မာတိကာ

၁။ နိဒါန်း ..................................................................................................... ၃

၂။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၁/၂၀၀၅)........................................................... ၃

(၂.၁) လူကုန်ကူးမှု ......................................................................................... ၃

(၂.၂) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်းသော ရည်ရွယ်ချက်များ ........................ ၄

(၂.၃) ဥပဒေ၏အကျိုးသက်ရောက်မှု ................................................................... ၄

၃။ ဥပဒေကြမ်း၏ နောက်ခံအကြောင်းအရာ ........................................................... ၅

၄။ မြန်မာနိုင်ငံ၏လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်းသော ဆောင်ရွက်ချက်များ .............. ၅

၅။ လူကုန်ကူးခံရမှု ပုံစံများ ................................................................................ ၇

၆။ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု ..................................................................... ၈

၇။ အမေရိကန်နိုင်ငံ၏ နှစ်စဉ်ထုတ်ပြန်သော လူကုန်ကူးမှု အစီရင်ခံစာ ........................................ ၈

(၇.၁) အမေရိကန်နိုင်ငံ၏ လူကုန်ကူးမှုအစီရင်ခံစာနှင့် မြန်မာနိုင်ငံ ......................................... ၉

(၇.၂) ၂၀၁၄ ခုနှစ်၊ လူကုန်ကူးမှု အစီရင်ခံစာအရ နိုင်ငံအလိုက် အဆင့်များ ............................ ၁၀

၈။ လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့်နှိုင်းယှဉ်မှု ............................................................ ၁၁

(၈.၁) လာအိုနိုင်ငံ ................................................................................................ ၁၁

(၈.၂) တရုတ်ပြည်သူ့သမ္မတနိုင်ငံ ..................................................................................... ၁၂

(၈.၃) ထိုင်းနိုင်ငံ ................................................................................................ ၁၅

၉။ လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ထင်မြင်ချက်များ ....................................................................... ၁၆

(၉.၁) ပညာရှင်များ၏ ထင်မြင်ချက် ................................................................................ ၁၆

(၉.၂) သတင်းသမားများ၏အမြင် ..................................................................................... ၁၇

## ၁။ နိဒါန်း

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က လူကုန်ကူးခြင်းကို ယခုခေတ်၏ အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုဟုသတ်မှတ်၍ နိုင်ငံတကာမှ ပူးပေါင်းတိုက်ဖျက်ရန် တိုက်တွန်းခဲ့သည်ဟု စာရေးသူ ဟန်မြင့် (ဝါးခယ်မ) ရေးသားထားသော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ၏ သိကောင်းစရာများစာအုပ်တွင် ဖော်ပြထားပါသည်။[1] လူကုန်ကူးမှုနှင့် စပ်လျဉ်း၍ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၈ တွင် "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည် " ဟု ဖော်ပြထားပါသည်။[2]

## ၂။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၁/၂၀၀၅)

### (၂.၁) လူကုန်ကူးမှု

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ အခန်း(၁) ပုဒ်မ(၃)(က)တွင် "လူကုန်ကူးမှုဆိုသည်မှာ-ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကိုထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုလိုသည် -

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက် ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) အခွင့်အာဏာကိုအလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန်ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊

[1] ဟန်မြင့်(ဝါးခယ်မ)၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၏ သိကောင်းစရာများစာအုပ်၊ စာမျက်နှာ ၂၊ ၃၊ ကောင်းစံပုံနှိပ်တိုက်
[2] ၂၀၀၈ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၈

(ဖ) တစ်ဦးတစ်ယောက်အပေါ်ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ်လက်ခံယူခြင်း၊ "[3]

## (၂.၂) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်းသော ရည်ရွယ်ချက်များ

၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတွင် အောက်ပါ အချက်များ အားရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ပါသည်-

- လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ် နှိမ်နင်းရန်၊
- လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ် နှင့်လူငယ်များအတွက်အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်ရန်၊
- လူကုန်ကူးမှုကို ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ် အရေးယူနိုင် ရန်နှင့် ဥပဒေနှင့်အညီပြင်းထန်ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ရန်၊
- လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကလက်ခံထားသော အပြည် ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ဒေသဆိုင်ရာအဖွဲ့ အစည်းများ၊ အစိုးရအချင်းချင်း၊ အစိုးရအဖွဲ့အစည်းအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်၊
- လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်း များကို ထိရောက်စွာဆောင်ရွက်ရန်၊[4]

## (၂.၃) ဥပဒေ၏အကျိုးသက်ရောက်မှု

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေမှ အောက်ပါအချက်များဆောင်ရွက်နိုင်မည်ဖြစ်ပါသည်-

- ဗဟိုအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များချမှတ်ခြင်း၊
- လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်း၍ ထိုလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များချမှတ်ခြင်း၊

---

[3] လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ (၁၃-၉-၂၀၀၅)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၅၊ အခန်း(၁)၊ ပုဒ်မ ၃ (က)/ [accessed 25 August 2014]

[4] လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ (၁၃-၉-၂၀၀၅)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၅၊ အခန်း (၂)၊ ပုဒ်မ ၄/[accessed 25 August 2014]

- လူကုန်ကူးခံရသူ၏ ဂုဏ်သိက္ခာကို ထိခိုက်မှုမရှိစေရန်နှင့် ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊
- လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် လူငယ်များ၏ အဖက်ဖက်မှနစ်နာမှုများ၊ ထိခိုက်မှု လုံခြုံမှုများအားအထူး ကာကွယ်စောင့်ရှောက်ခြင်း၊
- ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်း တာဝန်ထမ်းဆောင်သူပုဂ္ဂိုလ်များအား လိုအပ်သော သင်တန်းများနှင့် လေ့ကျင့်မှုများပြုလုပ်ပေးခြင်း၊
- လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း၊
- လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အသုံးပြုရန်အတွက် ရန်ပုံငွေထူထောင်ခြင်း၊
- လူကုန်ကူးမှုကျူးလွန်မှုအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်များချမှတ်ခြင်း။[5]

## ၃။ ဥပဒေကြမ်း၏ နောက်ခံအကြောင်းအရာ

၂၀၀၅ခုနှစ်၊ စက်တင်ဘာလ ၁၃ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၅ ဖြင့် ထုတ်ပြန်ခဲ့သည်။ သက်ဆိုင်ရာဝန်ကြီးဌာနမှာ ပြည်ထဲရေးဝန်ကြီးဌာနဖြစ်ပါသည်။ ဦးသိန်းညွန့် (သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး)က ယင်းဥပဒေအားပြင်ဆင်ရန် ၂၁-၈-၂၀၁၄ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ ပေးပို့ခဲ့ကြောင်း ယင်းကော်မတီမှ ပြောကြားချက်အရ သိရပါသည်။[6]

## ၄။ မြန်မာနိုင်ငံ၏လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်းသော ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းကို ၁၉၉၇ ခုနှစ်မှစ၍ အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်သတ်မှတ်ခဲ့ပြီး၊ ၂၀၀၁ ခုနှစ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယ (၅) နှစ်စီမံကိန်း (၂၀၁၂ခုနှစ်မှ ၂၀၁၆ခုနှစ်ထိ) တွင်အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍ (၅) ရပ်ကို သတ်မှတ်ထားပါသည်-

[5] လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ (၁၃-၉-၂၀၀၅)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒအမှတ် ၅/၂၀၀၅၊ အခန်း (၃)၊ အခန်း (၄) ၊ အခန်း(၅) ပုဒ်မ (၁၁) (က)၊ အခန်း(၆) ပုဒ်မ(၁၈)၊ အခန်း (၇)၊ အခန်း (၈) ပုဒ်မ (၂၂)၊ အခန်း (၉)

[6] ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

(က) မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး

(ခ) ကြိုတင်တားဆီးကာကွယ်ရေး

(ဂ) တရားစွဲဆိုရေး

(ဃ) လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး

(င) စွမ်းရည်မြှင့်တင်ရေး တို့ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှဖွဲ့စည်းခွင့်ပြုခဲ့ပါသည်။[7] မြန်မာနိုင်ငံတွင် ၂၀၁၃ခုနှစ်မှစတင်၍ **လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့**အဖြစ် နှစ်စဉ်စက်တင်ဘာလ ၁၃ရက်နေ့[8]ကို သတ်မှတ်၍ နိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ဝေသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးစာအုပ်၊ စာစောင်၊ လက်ကမ်းစာစောင်၊VCD ခွေများနှင့် သော့တွဲများ ဖြန့်ဝေပေးပြီး ပန်းချီ၊ ကာတွန်း၊ စာစီစာကုံး ပြိုင်ပွဲများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပေးခဲ့ပါသည်။[9]

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့မှ ပြောကြားချက်အရ "လူကုန်ကူးမှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကာကွယ်နိုင်ရန် ကာကွယ်ရေးရုံး (၃၀) ရုံးအထိ ထားရှိရမည်ဖြစ်သည်။ လက်ရှိ၌ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် လူကုန်ကူးမှုကာကွယ်ရေးရုံး (၂၀) ကျော် ရှိကြောင်း၊ လူကုန်ကူးမှုကာကွယ်ရေးရုံးများသည် ပြည်ပနိုင်ငံများထံ ရောင်းချခံရသောသူများအား လိုက်လံ ကယ်တင်ခြင်း၊ သတင်းအချက်အလက်များစုဆောင်းခြင်း ကြိုတင်နှိမ်နင်းကာကွယ်ခြင်းနှင့် အိမ်နီး ချင်းနိုင်ငံများ၏ ရဲတပ်ဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းစသည်တို့ကိုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လူကုန်ကူးမှုများအဖြစ်များသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအားစီမံချက်များချမှတ်ကာဦးစား ပေးအဆင့်အနေဖြင့် ပညာပေးခြင်း၊ လိုက်လံဟောပြောခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၁ခုနှစ်၌ လူကုန်ကူးမှု (၃၅၁) မှု၊ ၂၀၁၂ခုနှစ်၌ လူကုန်ကူးမှု (၃၂၅) မှု၊ ၂၀၁၃

[7] The Republic of the Union of Myanmar, available from: Available from: http://tinyurl.com/phxbr46/[accessed 5 September 2014]

[8] မြန်မာအသံနှင့်ရုပ်မြင်သံကြား၊ 13 September 2014, available from: http://www.mrtv.gov.mm/zg/news/13/09/2014/id-24665/[accessed 23 September 2014]

[9] ဧရာဝတီ ,13 September 2014, available from: http://www.myawady.net.mm/allnews/localnews/item/50473-2014-09-14-11-12-10/[accessed 23 September 2014]

ခုနှစ်၌ လူကုန်ကူးမှု (၂၆၉) မှုနှင့် ၂၀၁၄ခုနှစ် ပထမငါးလအတွင်း လူကုန်ကူးမှု (၃၂) မှု ဖြစ်ပွားခဲ့ကြောင်း" New Myanmar News Website တွင်ဖော်ပြထားပါသည်။[10]

လူကုန်ကူးခံရသူများစောင့်ရှောက်ရေးဂေဟာကို ၂၀၀၉ ခုနှစ်တွင် မူဆယ်မြို့၌ ပထမဆုံးအကြိမ် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ကော့သောင်းမြို့၌ ဒုတိယမြောက်ဂေဟာကို ဖွင့်လှစ်ခဲ့ကြောင်း 7 Day Daily Website တွင် ဖော်ပြထားပါသည်။[11]

## ၅။ လူကုန်ကူးခံရမှု ပုံစံများ

"လူကုန်ကူးခံရမှုပုံစံ ၇ မျိုးနှင့် ဖြစ်ပွားမှုကိုတွေ့ရှိရသည်" ဟု လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ထုတ်ပြန်ချက်အရသိရှိရပါသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ပထမ ၅ နှစ် စီမံကိန်းတွင် အတင်းအဓမ္မ ထိမ်းမြားလက်ထပ်မှုသည် ၆၆.၇ ရာခိုင်နှုန်းနှင့် အများဆုံးဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ ပြည့်တန်ဆာပြုခြင်း ၁၃.၆ ရာခိုင်နှုန်း၊ လုပ်အားခေါင်းပုံဖြတ်မှု၊ အဓမ္မစေခိုင်းမှု ၁၀ ရာခိုင်နှုန်း၊ ကလေးသူငယ်လူကုန်ကူးခြင်း ၄.၈ ရာခိုင်နှုန်း၊ အဓမ္မတောင်းရမ်းစေခိုင်းမှု ၁.၄ ရာခိုင်နှုန်း၊ အဓမ္မမွေးစားခြင်း ၀.၃ ရာခိုင်နှုန်းနှင့် လိင်မှုဆိုင်ရာခေါင်းပုံဖြတ်မှု ၀.၂ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ကြောင်း၊ လူကုန်ကူးခံရသူများတွင် အမျိုးသမီးပါဝင်မှုသည် ၈၅ ရာခိုင်နှုန်းရှိနေကြောင်း၊ ငယ်ရွယ်သည့်အမျိုးသမီးငယ်များ လူကုန်ကူးခံရမှုမှာ အများစုပါဝင်ပြီး ကလေးသူငယ်လူကုန်ကူး ခံရမှုမှာ ၄.၃၈ ရာခိုင်နှုန်း အထိဖြစ်ပွားခဲ့ပါကြောင်း Social Action for Women website တွင် ဖော်ပြထားပါသည်။ [12]

၂၀၁၃ခုနှစ်၊ စက်တင်ဘာလ၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်ကျင်းပသော ဒုတိယအကြိမ်မဲခေါင်ဒေသတွင်းဝန်ကြီးများအဆင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး အစီအစဉ်၏ အထူးအဖွဲ့များ အစည်းအဝေး (2nd Regional COMMIT Taskforce Meeting) တွင် "လူကုန်ကူးမှုပုံစံများမှာ ယခင်ကဲ့သို့မဟုတ်ဘဲ မိန်းမပျိုများအား ကလေးမွေးစေရန်အတွက်လူကုန်ကူးခြင်း၊ ကလေးသူငယ်များ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများခိုးယူခြင်း၊ တောင်းရမ်းစားသောက်ရန်အတွက် ခိုင်းစေရန် ကုန်ကူးခြင်း၊ မွေးကင်းစကလေးများ အားခိုးယူခြင်း စသည့်ပုံစံမျိုးစုံဖြစ်ပေါ်နေသည်" ဟု

[10] စိုးစည်သူ၊ New Myanmar News, 27 June 2014,available from: http://newmyanmarpyi.blogspot.com/2014/06/blog-post_4061.html/[accessed 5 September 2014]

[11] အောင်သစ်လွင်၊ အေးသူစံ၊ 7 Day Daily,(၂၆-၄-၂၀၁၄) available from: http://7daydaily.com/story/9390/[accessed 5 September 2014]

[12] Social Action for Women,17 October 2012, available from: http://socialactionforwomen.blogspot.com/2012/ 10/ blog-post_3135.html/[ accessed 5 September 2014]

တက်ရောက်သူများမှ ပြောကြားထားချက်များအား ရွှေဟသ်ာသတင်းဌာန Website တွင် ဖော်ပြထားပါသည်။[13]

### ၆။ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု

၁-၈-၂၀၁၃ ရက်နေ့တွင် ပထမအကြိမ် မြန်မာ-အမေရိကန် နှစ်နိုင်ငံလူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာဆွေးနွေးပွဲကို Mr. Luis Cdebaca (လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာသံအမတ်ကြီး) ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့ ပူးပေါင်း၍ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အမေရိကန်ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာနိုင်ငံ၏ လက်ရှိလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်နှင့် ဆောင်ရွက်နေမှုများ တွေ့ကြုံရသည့်စိန်ခေါ်မှုများနှင့်အခက်အခဲများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ မြန်မာနိုင်ငံ၏လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် အမေရိကန်နိုင်ငံ၏ ကူညီဆောင်ရွက်ပေးနိုင်မှုများ၊ နှစ်နိုင်ငံဘက်မှ သိရှိလိုသည်များနှင့် အတွေ့အကြုံများအား အပြန်အလှန်ဖလှယ် ဆွေးနွေးခဲ့ကြကြောင်းကို Myanmar human trafficking Website တွင် ဖော်ပြထားပါသည်။[14]

### ၇။ အမေရိကန်နိုင်ငံ၏ နှစ်စဉ်ထုတ်ပြန်သော လူကုန်ကူးမှု အစီရင်ခံစာ

အမေရိကန်နိုင်ငံသည် ၂၀၀၀ပြည့်နှစ်မှစတင်၍ ၎င်း၏ ပြည်တွင်းဥပဒေဖြစ်သည့် Trafficked Victims Protection Act (2000) ကိုလက်မှတ်ထိုးထားသည့်နိုင်ငံပေါင်း (၁၈၈)နိုင်ငံအတွက် လူကုန်ကူးမှုအစီရင်ခံစာကို နှစ်စဉ်ဇွန်လတွင် ထုတ်ပြန်လျက်ရှိနေသည်။ ထိုအစီရင်ခံစာတွင် Tier 1/2/2 Watch List/3 ဟူ၍ အဆင့် ၄ ခုခွဲခြားသတ်မှတ်ထားကြောင်း U.S. Department of State Website တွင် ဖော်ပြထားပါသည်။ [15]

---

[13] ရွှေဟသ်ာသတင်းဌာန၊ 4 September 2013,available from: http://www.burmese.phophtawnews.org/ index.php/ news/ international-news/item/688-2013-09-04-12-30-52.html/[accessed 5 September 2014]

[14] Available from: http://tinyurl.com/olbelcj[accessed 5 September 2014]

[15] U.S. Department of State, Tier Placements, http://www.state.gov/j/tip/rls/tiprpt/2014/226649.htm

**အဆင့်(၁)**

လူကုန်ကူးခံရသူများအား တားဆီးကာကွယ်ရေးဥပဒေ၏ အနိမ့်ဆုံးသတ်မှတ်ချက်များကို အပြည့်အဝ လိုက်နာသောနိုင်ငံများ၊

**အဆင့်(၂)**

Trafficked Victims Protection Act သတ်မှတ်ချက်များကို အပြည့်အဝလိုက်နာနိုင်ခြင်းမရှိသေးသော်လည်း လိုက်နာရန်ကြိုးစားဆောင်ရွက်နေသောနိုင်ငံများ၊

**စောင့်ကြည့် အဆင့်(၂)**

Trafficked Victims Protection Act သတ်မှတ်ချက်များကို အပြည့်အဝလိုက်နာနိုင်ခြင်း မရှိသေးပါ။ သို့သော်လည်း လိုက်နာရန်ကြိုးစားဆောင်ရွက်နေသော ယင်းနိုင်ငံများသည်-

- လူကုန်ကူးခံရသူများ၏ အရေအတွက်သည် သိသိသာသာတိုးမြင့်လျက်ရှိခြင်း သို့မဟုတ် လူကုန် ကူးခံရသည့်ပုံစံများသည် ပြင်းထန်ဆိုးဝါးမှုမြင့်တက်လျက်ရှိခြင်း၊
- ယခင်နှစ်များကဖြစ်ပေါ်ခဲ့သော ပြင်းထန်ဆိုးဝါးသောလူကုန်ကူးမှုစနစ်များကို လျော့ချရန် အတွက် သိသာထင်ရှားသည့် ဆောင်ရွက်ချက်မတွေ့ရခြင်း၊
- Trafficked Victims Protection Act အားအပြည့်အဝလိုက်နာရန် ကြိုးစားလျက်ရှိသည်ဟု အခိုင်အမာဖွင့်ဆိုနိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံသည် ရှေ့လာမည့်နှစ်များတွင် အရှိန်မြှင့်ဆောင်ရွက်မည့်နည်းလမ်း ချမှတ်ဆောင်ရွက်ရန်လိုအပ်ခြင်း၊

**အဆင့်(၃)**

ဥပဒေကို ပြည့်ဝစွာလိုက်နာခြင်းမရှိသည့်အပြင် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ကြိုးပမ်းအားထုတ်ခြင်းမရှိသည့်နိုင်ငံများ။

**(၇.၁) အမေရိကန်နိုင်ငံ၏ လူကုန်ကူးမှုအစီရင်ခံစာနှင့် မြန်မာနိုင်ငံ**

မြန်မာနိုင်ငံသည် ၂၀၀၁ ခုနှစ်မှ ၂၀၁၁ခုနှစ်ထိ (၁၀) နှစ်ဆက်တိုက် စောင့်ကြည့်အဆင့် (၃) သတ်မှတ်ခံရပြီး အမေရိကန်အစိုးရကစီးပွားရေးပိတ်ဆို့မှုများလုပ်ခဲ့သည်။ မြန်မာနိုင်ငံတွင်နိုင်ငံရေးနှင့်အစိုးရအပြောင်းအလဲဖြစ်ပြီးနောက် ၂၀၁၂ခုနှစ်မှစတင်ကာ စောင့်ကြည့်အဆင့် (၂) အဖြစ် သတ်မှတ်ပေးခဲ့သည်။ ၂၀၁၃ တွင်လည်း ယင်းအဆင့်သတ်မှတ်ခံရပြီး၊ ၂၀၁၄ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ထုတ်

ပြန်သောအစီရင်ခံစာအရ (၃)နှစ်ဆက်တိုက် ယင်းအဆင့်သတ်မှတ်ခံခဲ့ရသည်ဟု မြန်မာ့သားကောင်း Website တွင် ဖော်ပြထားပါသည်။ [16]

### (၇.၂) ၂၀၁၄ ခုနှစ်၊ လူကုန်ကူးမှု အစီရင်ခံစာအရ နိုင်ငံအလိုက် အဆင့်များ

အမေရိကန်နိုင်ငံ၏ ၂၀၁၄ လူကုန်ကူးမှုအစီရင်ခံစာအရ နိုင်ငံအလိုက်အဆင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-[17]

**အဆင့်(၁)နိုင်ငံများ**

နိုင်ငံပေါင်း(၃၁)သည်အဆင့်(၁)သတ်မှတ်ခံခဲ့ရပြီး ၎င်းတို့ထဲမှဥရောပတိုက်မှ ဘယ်ဂျီယံ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီ၊ နယ်သာလန်၊ နော်ဝေး၊ ပိုလန်၊ စပိန်၊ ဆွီဒင်၊ အင်္ဂလန်နိုင်ငံများ ပါဝင်ပါသည်။ အာရှတိုက်မှ တောင်ကိုးရီးယား နှင့် ထိုင်ဝမ် တို့ပါဝင်ပါသည်။

**အဆင့်(၂)နိုင်ငံများ**

နိုင်ငံပေါင်း(၈၉) နိုင်ငံသည် အဆင့် (၂)သတ်မှတ်ခံခဲ့ရပြီး ၎င်းတို့ထဲမှ ဥရောပတိုက်မှ ဂရိနိုင်ငံ ပါဝင်ပြီး အာရှတိုက်မှ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရတ်၊ ဂျပန်၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ဗီယက်နမ် စသည့်နိုင်ငံများပါဝင်ပါသည်။

**စောင့်ကြည့် အဆင့်(၂)နိုင်ငံများ**

နိုင်ငံပေါင်း (၄၄) နိုင်ငံသည် စောင့်ကြည့်အဆင့် (၂) သတ်မှတ်ခံခဲ့ရပြီး ၎င်းတို့ထဲမှ အာရှတိုက်မှ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ **မြန်မာ၊** အရှေ့တီမော စသည့်နိုင်ငံများ ပါဝင်ပါသည်။

**အဆင့်(၃)နိုင်ငံများ**

နိုင်ငံပေါင်း (၂၃) နိုင်ငံမှာ အဆင့် (၃) သတ်မှတ်ခံခဲ့ရပြီး ၎င်းတို့ထဲမှ အာရှတိုက်မှ အီရန်၊ မြောက်ကိုးရီးယား၊ ကူဝိတ်၊ ရုရှား စသည့်နိုင်ငံများပါဝင်ပြီး မလေးရှား၊ ထိုင်း၊ ဗင်နီဇွဲလား နိုင်ငံတို့မှာ စောင့်ကြည့်အဆင့်တွင်သတ်မှတ်ခံရပါသည်။

---

[16] မြန်မာ့သားကောင်း , အမေရိကန်ကမြန်မာကိုလူကုန်ကူးမှုစောင့်ကြည့်အဆင့် (၂)အဖြစ်သတ်မှတ် http://www.myanmartharkaung.net/2014/06/blog-post_659.html [accessed 11 September 2004]

[17] U.S. Department of State, Tier Placements
http://www.state.gov/j/tip/rls/tiprpt/2014/226649.htm /[accessed 11 September 2004]

**အထူးအဆင့် နိုင်ငံများ**

အထူးအဆင့် နိုင်ငံမှာ ဆိုမာလီယားနိုင်ငံ ဖြစ်ပါသည်။

**၈။ လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့်နှိုင်းယှဉ်မှု**

**(၈.၁) လာအိုနိုင်ငံ**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသည် လူကုန်ကူးမှုလုပ်ငန်း၏ ဇစ်မြစ်နိုင်ငံတစ်ခုဖြစ်သကဲ့သို့တစ်ဆင့်ခံနိုင်ငံတစ်ခုလည်း ဖြစ်ပါသည်။ World Vision Laos အဖွဲ့အစည်းမှ "၄၄ ရာခိုင်နှုန်းသော မိဘတို့သည် ၎င်းတို့၏သားသမီးများ မည်သည့်နေရာ ရောက်ရှိနေသည်ကို မသိကြကြောင်း" ထုတ်ပြန် အစီရင်ခံထားပါသည်။ "ထို့ပြင် ကျေးလက်ဒေသမှ မြို့ပြသို့ ရွှေ့ပြောင်းနေထိုင်ကြခြင်းသည် ကျေးလက်နေဆင်းရဲသားတို့အတွက် လူကုန်ကူးခြင်းခံရမည့် အန္တရာယ်ကို တိုးမြင့်လာစေကြောင်း" ၎င်းအဖွဲ့အစည်းမှ ပြောဆိုပါသည်။

၂၀၀၄ ခုနှစ် အမျိုးသမီးများဆိုင်ရာဥပဒေ၊ ကလေးသူငယ်များ အကာကွယ်ပေးရေးဆိုင်ရာဥပဒေနှင့် အခြားလာအိုပြစ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များတွင် လုပ်အားနှင့် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုရန်အတွက် လူကုန်ကူးခြင်းဆိုင်ရာ ပုံစံအများစုကို ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၂၀၀၆ ခုနှစ်နှောင်းပိုင်းတွင် လာအိုအစိုးရသည် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားလှုပ်ရှားမှုစီမံကိန်းကိုမူကြမ်းရေးဆွဲခဲ့ပါသည်။ လာအိုအစိုးရသည် လူကုန်ကူးခံရသူများအားပြန်လာနိုင်ရန် ကြားခံစခန်းငယ် ၂ခုဖွင့်လှစ်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းအခြေစိုက်မှုများအဖွဲ့(IOM) နှင့်ပူးပေါင်း၍ လူကုန်ကူးခံရသူများအား ပြန်လာနိုင်ရေးနှင့် မိသားစုနှင့်ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ လာအိုအမျိုးသမီးများသမဂ္ဂ (Laos Women's Union) သည် လူကုန်ကူးခံရသူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ဥပဒေနှင့်ဆေးဘက်ဆိုင်ရာရိပ်သာတစ်ခု ဖွင့်လှစ်၍ စီမံ ဆောင်ရွက်လျက်ရှိပါသည်။

လာအိုအစိုးရသည် စာနယ်ဇင်းများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှတဆင့် လူကုန်ကူးမှုတားဆီးရေးလှုပ်ရှားမှုများကို အမျိုးမျိုးအဖုံဖုံဆောင်ရွက်လျက်ရှိပါသည်။ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနသည် NGO အဖွဲ့များ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် Lao Hmong နှင့် Khu ဘာသာစကားများဖြင့် ကြော်ငြာသောဆိုင်းဘုတ်ထောင်ခြင်းနှင့် ပညာပေးဓာတ်လမ်းထုတ်လွှင့်ခြင်းစသည်

တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ လာအိုအမျိုးသမီးများသမဂ္ဂမှလည်း ပြည်နယ်အများအပြားတွင် အစိုးရအရာရှိများ အမျိုးသမီးနှင့် မိန်းကလေးများတို့အတွင်းတွင် လူကုန်ကူးမှုနှင့် ပတ်သက်၍ အသိပေးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

လာအိုအစိုးရသည် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ဒေသတွင်းသဘောတူညီချက် အမြောက်အများ ပြုလုပ်ထားပါသည်။ ၎င်းတို့မှာ အရှေ့အာရှနှင့်ပစိဖိတ်ဒေသ ကလေးသူငယ်များ အားစီးပွားရေးအရ လိင်အလွဲသုံးစားပြုမှုကို ဆန့်ကျင်သော ဒေသတွင်း ကတိကဝတ်နှင့် လှုပ်ရှား ဆောင်ရွက်မှုစီမံချက်၊ အာရှပစိဖိတ်ညှိနှိုင်းတိုင်ပင်ရေး၊ မနီလာစီမံချက်၊ ရွှေ့ပြောင်းသွားလာသူ ကုန်ကူးခြင်းနှင့် လူကုန်ကူးခြင်းဆိုင်ရာဘာလီဝန်ကြီးအဆင့်အစည်းအဝေးများ၊ရွှေ့ပြောင်းသွားလာ သူများဆိုင်ရာဘန်ကောက်ကြေညာချက်နှင့် ထိုင်းနိုင်ငံနှင့်ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာနားလည်မှု စာချွန်လွှာ စသည်တို့ဆောင်ရွက်ခဲ့ပါသည်။[18]

## (၈.၂) တရုတ်ပြည်သူ့သမ္မတနိုင်ငံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အဓမ္မလုပ်အားနှင့်လိင်ကုန်ကူးခြင်းခံရသူ အမျိုးသား၊အမျိုးသမီး နှင့်ကလေးသူငယ်များအတွက် ရင်းမြစ်နိုင်ငံအနေဖြင့်လည်းကောင်း၊ တဆင့်ခံနိုင်ငံအနေဖြင့်လည်း ကောင်း၊ တင်ပို့ရာနိုင်ငံအနေဖြင့်လည်းကောင်း တည်ရှိပါသည်။

တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ၂၀၁၁ ခုနှစ်အတွင်း ပြည်ပနိုင်ငံများတွင် အပြည်ပြည် ဆိုင်ရာ ရာဇဝတ်ဂိုဏ်းများ၏ ပြည့်တန်ဆာအဖြစ် သွပ်သွင်းခြင်းခံရသူ တရုတ်အမျိုးသမီးဦးရေ မြင့်တက်လာကြောင်း ထုတ်ပြန်ခဲ့ပါသည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် စီးပွားဖြစ်လိင်အလွဲသုံးစားမှုပြုခြင်း၊ အတင်းအကြပ်လက်ထပ်ထိမ်းမြားစေခြင်း၊ တရားမဝင်မွေးစားခံကြရစေခြင်း၊ တောင်းရမ်းစေခြင်း နှင့်အတင်းအကြပ်အလုပ်လုပ်စေခြင်း စသည်တို့ခံကြရမည့်သူများ တင်ပို့ရာတဆင့်ခံနိုင်ငံတစ်ခု ဖြစ် ပါသည်။ ၎င်းအပြင် တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် မြန်မာ၊ ဗီယက်နမ်၊ လာအို၊ မွန်ဂိုလီယာ၊ ရုရှ၊ မြောက်ကိုရီးယားနှင့် ဝေးလံသောနိုင်ငံများဖြစ်သည့် ရိုမေးနီးယားနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများမှ လူကုန်ကူးခံကြရသူများကို ဦးတည်တင်ပို့ရာနိုင်ငံတစ်ခုဖြစ်ပါသည်။ ကျွမ်းကျင် သူများနှင့် NGO အဖွဲ့အစည်းများက တရုတ်နိုင်ငံ၏ လူဦးရေစီမံကိန်းဆိုင်ရာ မူဝါဒများနှင့် သား

---

[18] Non Government Organization, available from: http://www.humantrafficking.org/countries/united_states_of_america/ngos/[accessed 11 September 2004]

ယောက်ျားလေးကိုသာယူလိုကြသည့် ယဉ်ကျေးမှုတို့ကြောင့် ကျား/မ ဦးရေအချိုးအစား တဖက်စောင်းနင်းဖြစ်စေကြောင်း၊ ထို့ကြောင့် အတင်းအကြပ်လက်ထပ်ယူရန် အမျိုးသမီးနှင့် တရားမဝင်မွေးစားရန် ကလေးသူငယ်များကို တရုတ်ပြည်တွင်းနှင့် မွန်ဂိုလီယ၊ မြောက်ကိုးရီးယား၊ ရုရှ၊ မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ လူကုန်ကူး၍ရယူခြင်းများ ဖြစ်လာစေကြောင်း ထုတ်ပြန်အစီရင်ခံကြပါသည်။ တရုတ်နိုင်ငံလူမှုသိပ္ပံအကယ်ဒမီက ၂၀၂၀ ခုနှစ်တွင် လက်ထပ်နိုင်သောအရွယ်ဖြစ်သည့် အသက် ၁၉ နှစ် မှ ၄၅ နှစ်အရွယ်ရှိ အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် ၂၄ သန်းပိုမိုများပြားလာပြီး လူကုန်ကူးမှုပြဿနာကို ပိုမိုဆိုးရွားသွားစေမည်ဟု ခန့်မှန်းထားပါသည်။

တရုတ်နိုင်ငံအတွင်း ရွှေ့ပြောင်းအလုပ်သမားဦးရေမှာ သန်း ၁၅၀ ကျော်မည်ဟုခန့်မှန်းထားရာအများစုမှလူကုန်ကူးခံရကြောင်း သတ်မှတ်နိုင်ပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ သား/သမီးများသည်လည်း လူကုန်ကူးခံရခြင်းအန္တရာယ်ကို အလွယ်တကူဖြစ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် တရုတ်အစိုးရက အဆိုပါ အန္တရာယ်များလျော့ကျစေရန် ကူညီထိန်းကျောင်းပေးရေးနှင့် ထောက်ပံ့ပေးရေးအစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ပါသည်။ သို့ရာတွင် United Nations Inter-Agency Project on Human Trafficking (UNIAP) က ရွှေ့ပြောင်းကလေးသူငယ် သန်း ၂၀ ရှိကြောင်း၊ ကျေးလက်ဒေသများတွင် ရွှေ့ပြောင်းလုပ်သားများက အိမ်၌ပစ်ထားခဲ့သော ကလေးသူငယ် သန်း ၂၀ ကျော်ရှိကြောင်းနှင့် ထိုသို့လျစ်လျူရှုခံရသောကြောင့် လူကုန်ကူးမှုအန္တရာယ်ကို အလွယ်တကူ ခံရဖွယ်ရှိကြောင်းဖြင့် ခန့်မှန်းထားပါသည်။

၂၀၁၀ ခုနှစ်တွင် တရုတ်အစိုးရသည် နိုင်ငံတဝှမ်းအမျိုးသမီးများနှင့် ကလေးသူငယ်များလူကုန်ကူးခံရခြင်းကို အာရုံစိုက်လာခဲ့သည်။ လူကုန်ကူးမှုဆန့်ကျင်ရေး စီမံချက်များအား အေဂျင်စီများအချင်းချင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုအမှုများကို တိုင်ကြားနိုင်ရန်ဒေသတွင်းနှင့် နိုင်ငံတဝှမ်းဆက်သွယ်ရေးလမ်းကြောင်းများ တည်ထောင်ခြင်း၊ အလုပ်သမားများစိစစ်ရေးအတွက် ရန်ပုံငွေများတိုးမြှင့်ခြင်း၊ အစိုးရက လူကုန်ကူးမှုဟုသတ်မှတ်သော ကျူးလွန်မှုများအား အထင်အရှားတရားစွဲဆိုအရေးယူခြင်း ၊အဓမ္မအလုပ်ခိုင်းစေခြင်းနှင့်ပတ်သက်၍ကျယ်ပြန့်စွာပိတ်ပင်တားဆီးမှုများပြုလုပ်ရန် ရာဇဝတ်မှုဆိုင်ရာဥပဒေများကို ခေတ်မီအောင်ပြဌာန်းခြင်း၊ အပြစ်ဒဏ်များအားတိုးမြှင့် ပြဌာန်းခြင်း၊ လူကုန်ကူးမှုနှင့်ပတ်သက်၍ ဥပဒေစိုးမိုးရေးတိုးတက်ရေးအတွက် နိုင်ငံခြားအစိုးရများ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)တို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့နှင့် လူကုန်ကူးခံရသူများ

အားအကာအကွယ်ပေးရေးအတွက် ခိုလှုံရေးဆိုင်ရာမန်နေဂျာများ (Shelter Manager) လေ့ကျင့်သင်တန်းပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၀ ခုနှစ်တွင် ဗဟိုအစိုးရအာဏာပိုင်များက ဒေသဆိုင်ရာ တရားရေးနှင့် ဓါဥပဒေစိုးမိုးရေးအရာရှိများအား ပြစ်ဒဏ်စီရင်ချက်များအားကောင်းစေရေးအတွက် လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါလမ်းညွှန်ချက်များအား အကောင်အထည်ဖေါ်နိုင်ရေးအတွက် သင်တန်းပို့ချမှုပြုလုပ်ပေးခဲ့ပါသည်။

အစိုးရကလူကုန်ကူးမှုဟု သံသယဖြစ်ဖွယ်ကိစ္စများအား သတင်းပေးနိုင်ရေးအတွက်လည်းကောင်း ဒုက္ခသည်များ ကနဦးတိုင်ကြားနိုင်ရေးအတွက်လည်းကောင်း အဓမ္မခိုင်းစေခြင်းများတိုင်ကြားနိုင်ရေးအတွက် ကုန်သွယ်ရေးသမဂ္ဂ အရေးပေါ်ဆက်သွယ်ရေး လိုင်းတစ်လိုင်းအပါအဝင် နိုင်ငံတဝှမ်းအရေးပေါ် ဆက်သွယ်ရေးလိုင်း ၄ လိုင်း ဖွင့်လှစ်ပေးခဲ့ပါသည်။ ပြည်နယ်အဆင့်တွင်လည်း အရေးပေါ်ဆက်သွယ်ရေးလိုင်းများလည်း ဖွင့်လှစ်ပေးခဲ့ပါသည်။ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်း သွားလာသူများအဖွဲ့ International Organization for Migration (IOM) ၏ လူကုန်ကူးမှုဆန့်ကျင်ရေးဆိုင်ရာ သင်တန်းပို့ချချက်များကို ဘာသာပြန်ဆို၍ ရဲဝန်ထမ်းအသစ်များအား ပို့ချပေးရန်ဖြန့်ဝေပေးခဲ့ပါသည်။

လူကုန်ကူးမှုနှင့်ပတ်သက်၍ အသိတရားမြှင့်တင်ပေးနိုင်ရန် အဆင့်မြင့်တရုတ်ရုပ်မြင်သံကြားလိုင်း ၁၇ လိုင်းမှ ၂ နာရီကြာပညာပေးထုတ်လွှင့်မှုများ ပြုလုပ်ပေးပါသည်။ အလုပ်သမားအခွင့်အရေးများနှင့် ပတ်သက်သည့် အချက်အလက်များနှင့် လူကုန်ကူးမှုဆန့်ကျင်ရေး သတင်းများကို ရထားများ၊ ဘတ်စ်ကားဂိတ်များနှင့် လက်ကိုင်ဖုန်း၊ ရုပ်မြင်သံကြား နှင့်အင်တာနက်အစရှိသည့် မီဒီယာများမှတဆင့် ဖြန့်နှံ့ရေးကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ လူကုန်ကူးခံရတတ်သည့် အခြေအနေ၊ အနေအထားများကို ရှောင်ကြဉ်နိုင်မည့် သတင်းအချက်အလက်များကို ကျောင်းစာသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ရန် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ ILO နှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။

တရုတ်နိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် 2000 UN TIP Protocol ကိုလက်မှတ်ရေးထိုးခဲ့ပါသည်။ လူမှောင်ခိုကူးခြင်း၊ လူကုန်ကူးခြင်းနှင့် ဒုက္ခသည်များကယ်တင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်နိုင်ရေး

တို့အတွက် နိုင်ငံခြားအစိုးရများ အထူးသဖြင့် နယ်နိမိတ်ခြင်းထိစပ်လျှက်ရှိသည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခဲ့ပါသည်။[19]

**(၈.၃) ထိုင်းနိုင်ငံ**

ထိုင်းနိုင်ငံသည် လူကုန်ကူးမှုလုပ်ငန်းများအတွက် ရင်းမြစ်နိုင်ငံ၊ တဆင့်ခံနိုင်ငံနှင့် ဦးတည်တင်ပို့ရာ နိုင်ငံ တစ်ခုဖြစ်ပါသည်။ ၎င်းသည် မဟာမဲခေါင်ဒေသခွဲအတွင်း လိင်နှင့် လုပ်အားအလွဲသုံးစားပြုခြင်းခံရသည့် ဗဟိုချက်နိုင်ငံဖြစ်ပါသည်။ ရွှေ့ပြောင်းသွားလာနေထိုင်သူများ တိုင်းရင်းသားလူနည်းစုများနှင့် နိုင်ငံသားမဟုတ်သောသူများသည် ထိုင်းလူမျိုးများထက်ပို၍ လူကုန်ကူးခြင်းခံရသည့် အန္တရာယ်ပိုမှုကြီးမားပါသည်။

ထိုင်းလူမျိုးမြောက်များစွာမှာ အလုပ်သမားစုဆောင်းရေးအေဂျင်စီများ၏ သိမ်းသွင်းခြင်းကို ခံကြရပြီး အဆိုပါ အေဂျင်စီများအား တင်ရှိလာသော ကြွေးမြီပမာဏများပြားမှုတို့ကြောင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုခံရခြင်းနှင့် ကျေးကျွန်ပြုခြင်းခံရသည်အထိ ဖြစ်စေသည်။ လူကုန်ကူးခြင်းခံရသော ထိုင်းလူမျိုးအများစုမှာ အာရပ်စော်ဘွားများနိုင်ငံ၊ မလေးရှား၊ သီရိလင်္ကာ၊ ဘာရိမ်းနှင့် တရုတ်နိုင်ငံတို့တွင် လိင်ပိုင်းဆိုင်ရာနှင့် လုပ်အားအလွဲသုံးစားပြုခြင်းကိုခံကြရပါသည်။ ထို့ပြင် ရုရှား၊ တောင်အာဖရိက၊ ယီမင်၊ ဗီယက်နမ်၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့မှလည်း နှင်ထုတ်ခြင်းခံရသည်အထိ ဖြစ်ပွားလျက်ရှိပါသည်။ ထိုင်းလူမျိုးများမှာ ဩစတေးလျ၊ ကနေဒါ၊ ဂျာမနီ၊ အင်ဒိုနီးရှား၊ အစ္စရေး၊ ဂျပန်၊ ကူဝိတ်၊ လစ်ဗျား၊ ကာတာ၊ ဆော်ဒီအာဒေးဗျ၊ တောင်ကိုးရီးယား၊ ထိုင်ဝမ်နှင့် အရှေ့တီမောနိုင်ငံများအထိ တင်ပို့ခံရကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံသည် မြောက်ကိုးရီးယား၊ တရုတ်၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် မြန်မာတို့မှ ကုန်ကူးခံရသူများအား မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ရုရှား၊ အနောက်ဥရောပ၊ တောင်ကိုးရီးယားနှင့် အမေရိကန်ပြည်ထောင်စုစသော နိုင်ငံများသို့တင်ပို့ရာ ကြားခံနိုင်ငံတစ်ခုလည်း ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်တွင် လူကုန်ကူးမှုဆန့်ကျင်ရေး လုပ်ရှားမှုဆောင်ရွက်ချက်များအား ညှိနှိုင်းနိုင်ရန် ထိုင်းဝန်ကြီးချုပ်မှ အလုပ်သမားနှင့်လူမှုရေးအဖွဲ့အစည်းများအား ညှိနှိုင်းအစည်းအဝေးပွဲများ ကျင်းပခဲ့သည်။ ထိုင်းနိုင်ငံ၏ ၂၀၀၈ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးအက်ဥပဒေတွင် လူကုန်ကူးမှုပုံသဏ္ဍာန်အားလုံးကို တားမြစ်ပိတ်ပင်ထားပြီး လေးနှစ်မှ ဆယ်နှစ်အထိ ထောင်ဒဏ်စသည့် ပြစ်ဒဏ်များကို

---

[19] Non Government Organization, available from: http://www.humantrafficking.org/countries/united_states_of_america/ngos/[accessed 11 September 2004]

ပြဋ္ဌာန်းထားသည်။ အဆိုပါအက်ဥပဒေ၏ အဓိကကဏ္ဍများမှာ လူကုန်ကူးမှုတွင်ပါဝင် ပတ်သက်သူ ကျူးလွန်သူအားလုံးမှာ ပြင်းထန်သောပြစ်ဒဏ်များသတ်မှတ်ထားခြင်း လူကုန်ကူးမှုကြောင့်ဖြစ်ပွား ခဲ့သော ပျက်ဆီးဆုံးရှုံးမှုများကို ကျူးလွန်သူများထံမှလျော်ကြေး တောင်းဆိုနိုင်ခြင်းနှင့် လူကုန်ကူး ခံရသူများအနေဖြင့် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဥပဒေရေးရာ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ နေထိုင်စရာနေရာများစသည့် အထောက်အပံ့များ ရရှိနိုင်ခြင်းတို့ ဖြစ်ပါသည်။

ထိုင်းအစိုးရသည် လိင်နှင့်လုပ်အားအလွဲသုံးခံရခြင်းနှင့် နိုင်ငံခြားခရီးသွားလိင်လုပ်ငန်းစသည်တို့ အတွက် လူကုန်ကူးခြင်းလုပ်ငန်းများကို တားဆီးရန်စီမံချက်ပေါင်းများစွာကို ထောက်ပံ့ပေးခြင်းဖြင့် ၂၀၁၀ ခုနှစ်တွင် ထင်ရှားသောဆောင်ရွက်ချက်များ ပြုလုပ်ခဲ့ပါသည်။

ရွှေ့ပြောင်းလုပ်သားများအတွင်း လူကုန်ကူးမှုနှင့်ပတ်သက်၍ အသိတရားများမြင့်တက်စေရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် NGO များ အတူတကွ ပူးပေါင်းဆောင်ရွက်လျက် ရှိပါ သည်။[20]

## ၉။ လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ထင်မြင်ချက်များ

### (၉.၁) ပညာရှင်များ၏ ထင်မြင်ချက်

**Ms. Neha Misra** (အကြီးတန်းကျွမ်းကျင်သူ၊ နေရပ်ပြောင်းရွှေ့မှုနှင့် လူကုန်ကူးမှုဆိုင်ရာစင်တာ) မှ ပြောကြားချက်အား VOA မြန်မာ Website တွင်

> “၂၀၀၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် Tier3 အဆိုးဆုံးအဆင့်တွင် သတ်မှတ်ခံခဲ့ရပြီး လွန်ခဲ့သော ၃နှစ်ကမှ Tier2 စောင့်ကြည့်ခံအဆင့်ကိုတိုးမြှင့်ခံခဲ့ရကြောင်း၊ မြန်မာနိုင်ငံအပါ အဝင် နီပေါလ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားစသော အာရှဒေသတွင်းမှ ဆင်းရဲသည့်နိုင်ငံမှ လူများသည် လစာကောင်းကောင်းရပါမည်ဆိုသည့် အလိမ်အညာအာမခံချက်များနှင့် အိမ်နီးချင်း နိုင်ငံများမှ အမြတ်ထုတ်သည့် အလုပ်ရှင်ထံတွင် ရောင်းချခံရခြင်း၊ အကြွေးနစ်နေခြင်းမျိုး နှင့် ကြုံကြရပါသည်”[21] ဟု ဖော်ပြခဲ့ပါသည်။

---

[20] Non Government Organization, available from: http://www.humantrafficking.org/countries/united_states_of_america/ngos/[accessed 11 September 2004]

[21] စုမြတ်မွန်၊ VOA ဗွီအိုအေမြန်မာ၊ 9 July 2014, available from; http://burmese.voanews.com/content/myanmar-human-trafficking/1953611.html

**ဒါရိုက်တာ ဦးအောင်မျိုးမင်း (လူ့အခွင့်အရေး ပညာပေးရေးအဖွဲ့)မှ** ပြောကြားချက်အား Social Action For Women Website တွင်

"မြန်မာနိုင်ငံသည် အခြားနိုင်ငံတွေထက် နယ်စပ်ထိစပ်မှုလည်းကျယ်ကြောင်း၊ ဒေသတွင်း လုံခြုံမှုနှင့် ဥပဒေအရအရေးယူ တားဆီးမှုများလည်းအားနည်းကြောင်း၊ စီးပွားရေးအခြေအနေ လည်း မကောင်းကြောင်း၊ ထို့ကြောင့် ပြည်သူများသည် အသက်ရှင်နေထိုင်ရန် ထိုင်းနိုင်ငံကို ခိုလှုံကြရာမှ လူကုန်ကူးခံရမှုများပိုမိုဖြစ်လာကြောင်း၊ ပြည်တွင်းပြည်ပဖြတ်ကျော်ပြီး လုပ်ဆောင်သည့် လူကုန်ကူးမှုများသည် ရာဇဝတ်မှုမြောက်သော်လည်း အမြတ်အစွန်းများသည့် လုပ်ငန်းဖြစ်သောကြောင့် အုပ်စုလိုက်ဂိုဏ်းဖွဲ့ လုပ်ဆောင်ကြပြီး အစိုးရတာဝန်ရှိသူများက လာဘ်စားမှုများရှိပါက ပပျောက်ရန် မလွယ်ကူနိုင်ပါ" [22]ဟု ဖော်ပြထားပါသည်။

## (၉.၂) သတင်းသမားများ၏အမြင်

**ကေတု (မြဝတီ)**၏ရေးသားချက်ကို မြဝတီ Website တွင်

"လူပွဲစားများမှတဆင့် တင်ပို့ရောင်းချခံခဲ့ရသော နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုက တရုတ်နိုင်ငံသို့ ၈၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသို့ ၁၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံသို့ ၆ ရာခိုင်နှုန်း၊ ပြည်တွင်းလူကုန်ကူးမှု ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဗဟိုအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့ကြောင်း၊ ဆောင်ရွက်ရာတွင် လုပ်ငန်းတိုင်းသည် ငွေကြေးရင်းနှီးမြှုပ်နှံရန် ရန်ပုံငွေလုံလောက်မှုမရှိခြင်း၊ ပြည်သူဘက်မှလက်ခံဆောင်ရွက်ပေးမှုအားနည်းခြင်း၊ လူမှုရေးအဖွဲ့အစည်းများမှ စိတ်ဝင်စားမှုအားနည်းနေခြင်း၊ ပညာပေးဟောပြောပွဲများကို လက်ခံဖိတ်ခေါ်ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် ခရီးပေါက်ရောက်မှု နည်းနေသေးသည်ကိုတွေ့ရပါသည်။" [23]ဟု ဖော်ပြထားပါသည်။

---

[22] Social Action For Women By Myanmar Times, 18 March 2013, available from: http://socialactionforwomen.blogspot.com/2013_03_01_archive.html/[accessed 5 September 2014]

[23] ကေတု၊ မြဝတီ၊ 16 July 2014, available from: http://www.myawady.net.mm/library/stories/storiesforall/item/46160-2014-07-16-12-38-29/[accessed 5 September 2014]

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနဌာနအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -

သုတေသနဌာန -

ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်

တယ်လီဖုန်း - ၀၆၇-၅၉၁၂၈၄

၀၆၇-၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com